သာနန်းတောကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)
ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၂-၂၀၂၆)



လုပ်ငန်းအမည်	- ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း
တည်နေရာ	- သာနန်းတောကျေးရွာ၊ မော်လိုက်မြို့နယ်
လုပ်ငန်းအကောင်အထည်	
ဖော်ဆောင်ရွက်သည့်အဖွဲ့အစည်း	- သာနန်းတောကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ဘဏ္ဍာရေးနှစ်	- ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်
အတိုင်းအတာ	- ၅၀၀' x ၁၂' x ၈"
စီမံကိန်းထောက်ပံ့ငွေ	- ကျပ် (၁၀.၀၀)သန်း
ပြည်သူထည့်ဝင်ငွေ	- ကျပ် (၅.၆၇)သန်း
စုစုပေါင်းကုန်ကျငွေ	- ကျပ် (၁၅.၆၇)သန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီ

သာနန်းတောကျေးရွာ၊ မော်လိုက်မြို့နယ်

(မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သည် ၂၀၂၂-၂၀၃၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ကျေးရွာသားများ ပူးပေါင်းရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာ ဗဟုသုတများကို ပံ့ပိုးပေးပါသော သမဝါယမနှင့်ကျေးလက်ဖွင့်ဖြိုးရေးဝန်ကြီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော မြို့နယ်ကျေးလက် မဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရအရေးကြီးအချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းအထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရေးရွာရေးလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိရှိခဲ့ပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းစနစ်ကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့်အစီအစဉ်ရေးဆွဲရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်၍ သင်တန်းပို့ချစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း သတင်းအချက်အလက် တို့၏အရေးပါမှုကို သိရှိရုံသာမက လိုအပ်သောအချက်အလက်နှင့် နည်းပညာပံ့ပိုးမှုကို မြို့နယ်ဌာနဆိုင်ရာများ၏အကူအညီရယူရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိရပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကဖော်ပြထားပြီး စီမံကိန်းဆိုင်ရာ အချက်အလက် အကြောင်းအရာများ၊ အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန်းသီကျေးရွာအုပ်စု၊ သာနန်းတောကျေးရွာ

မော်လိုက်မြို့နယ်

Scanned by CamScanner

နန်းသီကျေးရွာအုပ်စု၊ သာနန်းတောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကို လေ့လာထားသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များရယူရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရယူရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေသောပြဿနာများ၊ ပြဿနာဖြစ်သည့်အကြောင်းအရင်းများ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များအပေါ်အခြေခံ၍ (၅)နှစ်တာကာလအတွင်း ဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့် စီမံကိန်းများကို ဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ တို့ကိုချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ငန်းစဉ်ဖြစ်သောကြောင့် ကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ပါသည်။

စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

နန်းသီကျေးရွာအုပ်စု၊ သာနန်းတောကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Scanned by CamScanner

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ နန်းသီကျေးရွာအုပ်စု၊ သာနန်းတောကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ နန်းသီကျေးရွာအုပ်စု၊ သာနန်းတောကျေးရွာသည် ချင်းတွင်းမြစ်အရှေ့ဘက် (၇)မိုင်အကွာတွင် တည်ရှိပါသည်။ အနောက်ဘက်တွင် ကိုးတန်ချောင်းရှိပါသည်။ ကိုးတန်ချောင်း၏ အနောက်ဘက်တွင် တောင်းအင်စံပြကျေးရွာ ရှိပြီး ကွန်ကရစ်တံတားဖြင့်ဆက်သွယ်ထားပါသည်။ သာနန်းတောကျေးရွာ၏တောင်ဘက် (၁)မိုင်အကွာတွင် ခုံသာကျေးရွာရှိပြီး ကွန်ကရစ်လမ်းဖြင့်သွားလာနိုင်ပါသည်။ ရွာ၏တောင်ဘက် (၁)မိုင်(၂)ဖာလုံခန့်အကွာတွင် နန်းတိုင်းသာကျေးရွာ၊ ဆက်၍ (၁)မိုင်(၇)ဖာလုံခန့်အကွာတွင် ကံထူးကျေးရွာနှင့် (၂)မိုင်ခန့်အကွာတွင် နန်းသီကျေးရွာတို့ အသီးသီးတည်ရှိပြီးဂျင်းခင်းလမ်းဖြင့် ဆက်သွယ်သွားလာ နိုင်ပါသည်။

သာနန်းတောကျေးရွာမှ အခြားကျေးရွာများသို့ ဂျင်းလမ်းဖြင့်သွားလာနိုင်သော်လည်း ရွာ၏ အရှေ့ဘက်ခြမ်းမှာ ဆင်ခြေလျှောဖြစ်နေပါသဖြင့် တောင်ကျရေအနည်းငယ်ရှိရာ ရွာ၏လမ်းမှာ ယာဉ်များသွားလာရန် အခက်အခဲရှိပါသည်။

စီးပွားရေးအရ ပွင့်လင်းရာသီတွင် အလုပ်အကိုင်ပေါများသော်လည်း မိုးရာသီရောက်လာလျှင် မြေယာမဲ့များအနေဖြင့် စီးပွားရေးကြပ်တည်းကြပါသည်။ သာနန်းတောကျေးရွာရှိ ရွာသူ၊ ရွာသား အများစုသည် တောင်သူလယ်သမားများ ဖြစ်ကြပါသည်။ ချောင်းမြောင်းပေါများ၍ လယ်ယာမြေများကို လွယ်ကူစွာဖြင့် လုပ်ကိုင်နိုင်ကြပါသည်။

ကျန်းမာရေး၊ ပညာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

သာနန်းတောကျေးရွာတွင် ကျန်းမာရေးအတွက် ချင်းတွင်းမြစ်အနောက်ဘက်တွင်ရှိသော မော်လိုက်မြို့ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရွာ၏(၁၀)မိုင် အကွာတွင်ရှိသော ကင်းတပ်တိုက်နယ်ဆေးရုံ တို့ကိုသာ အားထားရပါသည်။ မော်လိုက်မြို့ ၊ ခရိုင်ပြည်သူ့ဆေးရုံအား ချင်းတွင်းမြစ်ကို ဖြတ်ကူး၍ သွားလာရပါသည်။ ကင်းတပ်တိုက်နယ်ဆေးရုံသို့ ပွင့်လင်းရာသီတွင် အလွယ်တကူ သွားလာနိုင်သော်လည်း မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းကို နန်းသီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ နှစ်စဉ်တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။ သာနန်းတောကျေးရွာတွင် ကျန်းမာရေးဌာန သီးသန့်နှင့် သားဖွားဆရာမ တစ်ဦးမျှမရှိပါ။ ထို့ကြောင့် ကျန်းမာရေးမှာ အားနည်းလျှက်ရှိပါသည်။

Scanned by CamScanner

သာနန်းတောကျေးရွာတွင် ယနေ့အထိ တက္ကသိုလ်၊ကောလိပ် အဆင့်ရှိသူ (၃၂)ယောက်၊ အထက်တန်းပညာအဆင့်ရှိသူ (၁၈)ယောက်၊ အလယ်တန်းပညာအဆင့်ရှိသူ(၈၃)ယောက် ရှိပါသည်။ စာမတတ်သူ မရှိပါ။

သာနန်းတောကျေးရွာတွင် သန့်ရှင်းသောရေကို လုံလောက်စွာရရှိပါသည်။ ပျမ်းမျှအားဖြင့် တစ်အိမ်လျှင်လက်နှိပ်ရေတွင်း တစ်တွင်းကျစီရှိကြပါသည်။ သဘာဝပတ်ဝန်းကျင်မှာလည်းသန့်ရှင်းလျက်ရှိပါသည်။

ကျန်းမာရေးနှင့်အာဟာရ

သာနန်းတောကျေးရွာတွင် ရာသီတုပ်ကွေး၊ သွေးတိုးသွေးကျရောဂါများနှင့် အကြောနာခြင်း ရာသီဥတု အကူးအပြောင်းကာလများတွင် ဖြစ်လေ့ဖြစ်ထရှိသော နှာစေးခြင်း၊ချောင်းဆိုးခြင်း ခေါင်းကိုက်ခြင်း၊ ဖျားနာခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများလည်း လူကြီးလူငယ်အလိုက် မကြာခဏ တွေ့ရတတ်ပါသည်။ ထိုသို့ရောဂါများ ဖြစ်ပွားခံစားရသောအခါတွင် မော်လိုက်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ကင်းတပ်ကျေးရွာ တိုင်နယ်ဆေးရုံသို့ ဝေးလံစွာ သွားရောက်ကုသမှု ခံယူရပါသည်။ ကျေးရွာတွင် နေထိုင်သူများသည် ကျန်းမာရေးအသိ အားနည်းလျက်ရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးအတွက် ကာကွယ်ခြင်းနှင့် ကုသခြင်းများကို အချိန်နှင့်တပြေးညီ လုပ်ကိုင်နိုင်ခြင်း မရှိခဲ့ပါ။ ရေကောင်းရေသန့်ရရှိခြင်း၊ ချောင်းမြောင်းပေါများခြင်းတို့ကြောင့် လတ်ဆတ်သော အသီးအနှံ အသားငါးများကို ကျေးရွာနေပြည်သူများ ပြည့်ပြည့်ဝဝ စားသုံးကြရပါသည်။

ပညာရေးနှင့်ကျွမ်းကျင်မှုများ

သာနန်းတောကျေးရွာတွင် မူလတန်းနှင့်အလယ်တန်းပညာတတ်မြောက်မှုနှုန်းမှာ ၆၀%ရှိပြီး အထက်တန်းပညာ တတ်မြောက်မှုနှုန်းမှာ ၁၀% သာရှိပါသည်။ တက္ကသိုလ်မှဘွဲ့ရရှိသူမှာ ၁.၅% သာ ရှိပါသည်။

ဤသို့ ကျေးရွာအတွင်း ပညာတတ်ဦးရေနည်းပါးရခြင်းမှာ မိဘများ၏ ပညာရေးဗဟုသုတ နည်းပါးခြင်း၊ အလုပ်အကိုင်အဆင်မပြေခြင်း၊ ပတ်ဝန်းကျင်တွင် အတုယူစရာ ပညာတတ် နည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။ သို့သော် ယခုအခါတွင် မိဘများကလည်း ပညာရေးကိုစိတ်ဝင်စားကာ အားပေးလာကြသည်ဖြစ်၍ ရွာ၏ပညာရေးမှာ တိုးတက်စပြုလာပါသည်။ သာနန်းတောကျေးရွာ၏ အခြားပြဿနာတစ်ခုမှာ စာသင်ကျောင်း၌ မူလတန်းပညာအဆင့်သာရှိခြင်း၊ စာသင်ဆောင် လုံလောက်မှုမရှိခြင်း၊ ဆရာ/ဆရာမအင်အား လုံလောက်မှုမရှိခြင်းတို့ကြောင့် သင်ကြားရေးတွင် ပေါက်ရောက်အောင်မြင်မှုအားနည်း၍ အခက်အခဲကြုံရပါသည်။

Scanned by CamScanner

သာနန်းတောကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြ၍ ရိုးရာလက်မှုပညာဖြင့် အသက်မွေးကြသူများလည်း ရှိပါသည်။ အချုပ်အားဖြင့် ကျေးရွာ၏ ပညာရေးမှာ အားနည်း လျှက်ရှိပြီး ကျွမ်းကျင်မှုမှာ အသင့်အတင့်ရှိပါသည်။

အမျိုးသား၊ အမျိုးသမီးဆိုင်ရာဆက်နွယ်မှု

သာနန်းတောကျေးရွာအတွင်း ရပ်ရေးရွာရေးကိစ္စများတွင်အမျိုးသားများသာမက အမျိုးသမီးများပါ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက် အခြေခံဖြစ်သောပညာရေး၊ လူမှုရေး စသည့်ကိစ္စရပ်များအပြင် စီးပွားရေးလုပ်ငန်းများကိုပါ အမျိုးသမီးများက အမျိုးသားများနှင့်တန်းတူ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများကို ရပ်ရွာရှိ အမျိုးသား၊အမျိုးသမီးများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများ စုပေါင်းဆောင်ရွက်ကြပါသည်။ လူမှုရေးကိစ္စရပ်များတွင်လည်း အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ဟူ၍ ဖွဲ့စည်းထားပြီး တာဝန်များခွဲဝေဆောင်ရွက်ကြပါသည်။ တချို့ကိစ္စရပ်များတွင် အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့များမှ ကျွမ်းကျင်သူများက ဦးဆောင်၍ စည်းလုံးညီညွတ်စွာလုပ်ကိုင်နေကြပါသည်။ ကျေးရွာရှိ မည်သည့်ကိစ္စရပ်များ၌မဆို အမျိုးသား၊ အမျိုးသမီးမခွဲခြားပဲ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ သာနန်းတောကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးဆက်နွယ်မှုမှာ ကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။

အခြေခံအဆောက်အဦးများ လက်လှမ်မီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး

သာနန်းတောကျေးရွာ၏ ရွာလယ်လမ်းမကြီးကို ရွာချင်းဆက်လမ်းမကြီးအဖြစ် အသုံးပြုထားပြီးလမ်းကိုကျင်းလမ်းအဖြစ် ပြုလုပ်ထားပါသည်။ ထို့ကြောင့် ပွင့်လင်းရာသီတွင် လွယ်ကူစွာသွားလာနိုင်သော်လည်း မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်သာ ရှိပါသည်။ ကုန်းလမ်းကိုသာ အဓိကထားသွားလာ၍ စက်ဘီး(၅)စီး၊ ဆိုင်ကယ်(၂၃၁)စီး၊ သုံးဘီးဆိုင်ကယ်(၄)စီးနှင့် ကား(၁၀)စီး ရှိပါသည်။ ကျေးရွာအတွင်း လက်ကိုင်ဖုန်း(၂၃၁)လုံး၊ တီဗွီ(၂၉)လုံးနှင့် စလောင်း(၂၈)လုံး ရှိသဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များတွင် ကောင်းမွန်လျက်ရှိပါသည်။

လူမှုရေးဆိုင်ရာ အချက်အလက်များ

သာနန်းတောကျေးရွာတွင် နေထိုင်လျက်ရှိသော လူဦးရေမှာ(၆၉၈)ယောက် ဖြစ်ပါသည်။ ယျမ်းမှ လူဦးရေမှာ တစ်အိမ်ထောင်စုတွင် (၅)ယောက်ခန့် ရှိပြီး လုပ်ငန်းခွင်၌ လုပ်ကိုင်နေသူများမှာ

Scanned by CamScanner

(၂)ဦးခန့်သာရှိပါသည်။ ကျန်(၃)ယောက်မှာ သက်ကြီးရွယ်အိုများနှင့် နို့စို့အရွယ်ကလေးများ ဖြစ်ကြပါသည်။ ရွာတွင် အစိုးရဝန်ထမ်းစုစုပေါင်း (၉)ယောက်ရှိပါသည်။ ကျေးရွာအတွင်းရှိအများစုမှာ လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး လက်လုပ်လက်စားများ၊ အသေးစား ကုန်စုံဆိုင် (၆)ဆိုင် ရှိပါသည်။ အခြားလုပ်ငန်းလုပ်ကိုင်သူများလည်း ရှိပါသည်။

စီးပွားရေးအခြေအနေ၊ ဝင်ငွေပိုင်ဆိုင်မှုမမျှတမှု

သာနန်းတောကျေးရွာတွင်နေထိုင်ကြသော လူအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူနှင့် လက်လုပ်လက်စားများ ဖြစ်ကြပါသည်။ လက်သမား၊ ပန်းရံလုပ်ကိုင်သူများနှင့် ကုန်သည်များလည်း ရှိပါသည်။ ဝင်ငွေရရှိရေးအတွက် ကျပန်းလုပ်ကိုင်သူများလည်း ရှိပါသည်။ မြေပိုင်ယာပိုင်မဟုတ်သော ဆင်းရဲသားမိသားစုများလည်း ရှိကြပါသည်။ ခြုံငုံသုံးသပ်ကြည့်လျှင် စီးပွားရေး အခြေအနေမှာလည်း အသင့်အတင့်ရှိပါသည်။

ကျေးရွာတွင် ယောကျ်ားတစ်ယောက်၏ လုပ်အားခမှာ တစ်ရက်လျှင် (၈၀၀၀)ကျပ်နှင့် အမျိုးသမီးတစ်ယောက်၏ လုပ်အားခမှာ (၄၀၀၀)ကျပ်နှင့်အထက်ရှိကြောင်း တွေ့ရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းနှင့် အဟန့်အတားများ

သာနန်းတောကျေးရွာသည် ဗျူဟာလမ်းမကြီးဘေးတွင် တည်ရှိသော်လည်း ပွင့်လင်းရာသီတွင် အသွားအလာလွယ်ကူပြီး မိုးရာသီတွင် ယာဉ်များသွားလာရန် ခက်ခဲသောလမ်းများ ရှိနေပါသည်။ သာနန်းတောကျေးရွာတွင် အ.မ.က စာသင်ကျောင်းတစ်ကျောင်းသာရှိပြီး မူလွန်အဆင့်တွင် အခြားရွာသို့ သွားရောက်ပညာသင်ကြားနေရပါသည်။ ကျန်းမာရေးတွင် ကျေးလက်ကျန်းမာရေးဌာန မရှိသည့်အတွက် အခက်အခဲများရှိနေပါသည်။ ကလေးကစားကွင်းလည်း သီးသန့်မရှိပါ။ စာကြည့်တိုက်ရှိသော်လည်း အသုံးမပြုကြပါ။ သာနန်းတောကျေးရွာ၏ ရွာလယ်လမ်းမကြီးကို ရွာချင်းဆက်လမ်းအဖြစ် အဓိကအသုံးပြုကြသော်လည်း ဂျင်းလမ်းသာဖြစ်နေပါသေးသည်။ ရွာချင်းဆက်အဓိကလမ်းဖြစ်၍ ယာဉ်အသွားအလာမှာ များပြားလှပါသည်။ ထို့ကြောင့် ဆောင်းပိုင်း၊ နွေပိုင်းတို့တွင် ဖုန်ထူပြီး ဖုန်မွှမ်းသောဒဏ်ကို ရွာသူရွာသားများခံစားနေရပါသည်။ ရေရှည်တွင် ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။ ဆက်သွယ်ရေးအတွက် အဓိကကျသောကျေးရွာဖြစ်သည့်အတွက် လမ်းများမှာလည်း အရေးပါလှပါသည်။ လမ်းပြုပြင်ခြင်းမရှိသရွေ့ ဆက်သွယ်သွားလာရာတွင် တိုးတက်မှု နှေးကွေးနေပါသည်။

Scanned by CamScanner

သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု

သာနန်းတောကျေးရွာတွင် ချောင်းမြောင်းပေါများ၍ မိုးစပါးစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ ရွာ၏တည်နေရာသည် အတော်အတန် အချက်အခြာကျ၍ ကူးသန်းရောင်းဝယ်မှု၊ ကူးသန်းပို့ဆောင်မှုများလည်း လုပ်ကိုင်ကြပါသည်။ ချောင်းရေများကို စနစ်တကျ မြောင်းတူးယူကာ လယ်ယာစိုက်ပျိုးကြပါသည်။ သစ်တောကြိုးဝိုင်းရှိသဖြင့် သစ်လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ် ရှိပါသည်။

ဦးစားပေးစီမံချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ နန်းသီအုပ်စု၊ သာနန်းတောကျေးရွာ၏ ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များမှာ-

(၁) ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း

(၂) ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း

(၃) ကျေးရွာအတွင်း မူလွန်ကျောင်းတည်ဆောက်ခြင်း

(၄) ကျေးရွာအတွင်း ဆေးပေးခန်းတည်ဆောက်ခြင်း

(၅) ကျေးရွာတွင်း မီးလင်းရေးဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။

(၁) ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း

သာနန်းတောကျေးရွာ လမ်းမကြီး လမ်းအရှည်ပေ (၁၅၀၀)အား ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကွန်ကရစ်ဘောင်တင်ခြင်းများကို နိုင်ငံတော်မှ ပံ့ပိုးပေးမည်ဆိုပါက လူထုလုပ်အား အများအပြား ပူးပေါင်းပါဝင်၍ ၂၀၂၂ခုနှစ် ဒီဇင်ဘာလအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၂) ဘက်စုံသုံး ခန်းမဆောင်တည်ဆောက်ခြင်း

သာနန်းတောကျေးရွာတွင် လူမှုရေးကိစ္စရပ်များအတွက် လိုအပ်လျက်ရှိသော ကျေးရွာ ခန်းမဆောင်အား နိုင်ငံတော်မှ ခွင့်ပြုပေးမည်ဆိုပါက ကျေးရွာမှ လူအင်အား၊ ပစ္စည်းအင်အားများ ပါဝင်လျက် ၂၀၂၃ခုနှစ် ဇွန်လအတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်ပါသည်။

Scanned by CamScanner

(၃) ကျေးရွာတွင်း မူလွန်ကျောင်းတည်ဆောင်ခြင်း

နန်းသီအုပ်စု၊ သာနန်းတောကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းသာရှိပြီး မူလွန် အဆင့် ပညာသင်ကြားရန် တောင်းအင်စံပြကျေးရွာသို့ သွားရောက်သင်ကြားရပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ခွင့်ပြုချက်ပေးပါက မူလွန်ကျောင်းဆောင်သစ် (၅)ခန်းတွဲ (၂)ထပ်ဆောင်အား ကျေးရွာမှ လူအင်အား၊ ပစ္စည်းအင်အားများပါဝင်လျက် ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြီးစီး အောင်မြင်အောင် တည်ဆောက်သွားမည်ဖြစ်ပါသည်။

(၄) ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

သာနန်းတောကျေးရွာအတွင်းရှိ ရွာသူ၊ရွာသားများ၏ ကျန်းမာရေးအတွက် ကာကွယ်ခြင်း၊ ကုသခြင်းများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ဆေးပေးခန်းအား နိုင်ငံတော်မှ ပံ့ပိုးပေးမည်ဆိုပါက ၂၀၂၅ခုနှစ်၊ဒီဇင်ဘာလအတွင်း အောင်မြင်စွာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) ကျေးရွာအတွင်း မီးလင်းရေးဆောင်ရွက်ခြင်း

သာနန်းတောကျေးရွာတွင် အိမ်ခြေစုစုပေါင်း (၁၅၄)အိမ်ရှိပြီး လျှပ်စစ်မီး(သို့မဟုတ်) ဆိုလာမီးများ မလုံလောက်၍ အိမ်တိုင်းစေ့ မီးမလင်းနိုင်သေးပါ။ နိုင်ငံတော်အစိုးရမှ ပံ့ပိုးပေးမည်ဆိုပါက ရပ်ရွာပြည်သူလူထုမှ ပူးပေါင်းပါဝင်၍ တစ်ရွာလုံးမီးလင်းရေးကို ၂၀၂၃ခုနှစ် ဒီဇင်ဘာလအတွင်း အောင်မြင်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

သာနန်းတောကျေးရွာ၊ မော်လိုက်မြို့နယ်


ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ လ၊ ရက်

Scanned by CamScanner

မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သာနန်းတောကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဦးစားပေးအဆင့်လုပ်ငန်းများ


စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	၁	✔				
၂	ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း	၂		✔			
၃	မူလွန်ကျောင်းဆောင်သစ် တည်ဆောက်ခြင်း	၃			✔		
၄	ဆေးပေးခန်း တည်ဆောက်ခြင်း	၄				✔	
၅	ကျေးရွာတွင်း မီးလင်းရေးဆောက်ရွက်ခြင်း	၅					✔

Scanned by CamScanner


ဖော်ပြချက်
သီဟိုဠ်
ပုစဉ်းသီးကြီး
ကြက်သွန်နီ
ကြက်သွန်ဖြူ
ဆီးသီး
ဆီးသီး
ဆီးသီး
ကြက်သွန်
ကြက်သွန်
ကြက်သွန်

Scanned by CamScanner

ပါဒနိုး တောရေးမှာ လူတွေရောဖြေ အဖွဲ့အစည်းပြုံ



အကြိုး: တိုးဒေါက်တီး ၊ ဖော်လိုရွှေ့ယာယ် ပါဒနိုး တောရေးမှာ

Scanned by CamScanner

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)



လုပ်ငန်းအမည် - ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း

တည်နေရာ - သာနန်းတောကျေးရွာ၊ မော်လိုက်မြို့နယ်

(၄၈) ဧယား

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ဧပြီလအကာလ (၃)ရက်

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၃	၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၇	၂၀	၃၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၈	၃၁	၅၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၉	၂၅	၅၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၅၆	၂၆၄	၅၂၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၀	၂၀
စုစုပေါင်း		၃၄၅	၃၅၃	၆၉၈
စုစုပေါင်း အိမ်ထောင်စု		၁၅၄		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မော်လိုက်မြို့နယ်၊ နန်းသီအုပ်စု၊ သာနန်းတောကျေးရွာတွင် အိမ်ထောင်စု (၁၅၄)စု၊ကျား (၃၄၅)ဦး၊ မ (၃၅၃)ဦး စုစုပေါင်း (၆၉၈)ဦး နေထိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၁၄၈			မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☑
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း:				

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	ထုတ်ကုန်လုပ်ငန်း:				
၆	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:				
၈	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	လက်လီ- လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:				
၁၂	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း: (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း:မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း: အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ: (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်✓ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ:				
	ကိုယ်ပိုင် လုပ်ငန်း:				☒
	အလုပ်သမား: / ကျပန်း: / ရာသီအလိုက် အလုပ်သမား:				
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့်
	စုစုပေါင်း:				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း:"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း: တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်း: လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

Scanned by CamScanner

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ မော်လိုက်မြို့နယ်၊ နန်းသီအုပ်စု၊ သာနန်းတောကျေးရွာတွင် အများဆုံးအနေဖြင့် လုပ်အားခ တစ်ရက်လျှင် ကျား(၁၀၀၀၀)၊ မ(၈၀၀၀) ရရှိပြီး အနည်းဆုံးအနေဖြင့် တစ်ရက်လျှင် ကျား(၆၀၀၀)၊ မ(၄၀၀၀) ရရှုပါသည်။ ထို့ကြောင့် ကျား၊မ တန်းတူညီမျှမှု မရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၁၂ဧက	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၉၈ဧက	ကောင်း ☐	သင့်☑	ညံ့ ☐

Scanned by CamScanner

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☑
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☑
ခနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☑
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☑
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☑
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ သာနန်းတောရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု (၄၁၀)ဧက ရှိပါသည်။

(၈-၂) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (မာတ်ဆွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်သဲများအနီးကပ်တွေ့နိုင်သော်လည်း တစ်ဘက်ကမ်းမှသယ်ယူရန်ပို့ဆောင်ရန် ခက်ခဲပါသည်။သဘာဝဆေးဘက်ဝင်အပင်များ တွေ့မြင်နိုင်သော်လည်း အသုံးပြုနိုင်မှုနည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

Scanned by CamScanner

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂၄			-
အိမ်အခြေအနေ	၁၀၀			-
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	၈၀			-
အဓိကစီးပွားရေး လုပ်ငန်း	၈၀			-
အိမ်ထောင်စု	၃၀၀	၁၀၀	၂၄	-

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာ၏ ဥစ္စာဓနအခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု (၃၀၀)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၁၀၀)၊မပြေလည်သောအိမ်ထောင်စု (၂၄)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု မရှိပါ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၅၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ____၁၀_____ ချေးယူ = _____ လုပ်အားခကြိုယူ = _____၂၀_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် ကိုယ်ပိုင်လယ်ယာများရှိ၍ ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုများပြားပြီး အိမ်ထောင်စု အနည်းငယ်မှာ ဝမ်းစာဖူလုံမှု မရှိသည်ကိုတွေ့ရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁၀	၁၀	၂၀
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၂	၁	၃
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် အသက်(၆၄)နှင့် အထက်စောင့်ရှောက်မှု လိုအပ်နေသူများ အနေဖြင့် မိသားစုမရှိ တစ်ဦးတည်းရပ်တည်နေထိုင်မှုကြောင့် ဝင်ငွေလည်ပတ်မှု မရှိသဖြင့် စားနပ်ရိက္ခာ ဖူလုံမှုမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၂	၄င်္ဂပျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

Scanned by CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် ထိခိုက်လွယ်မှု အခြေအနေ အနည်းငယ်သာ ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် ဝင်ငွေနည်းပါး၍ ဆင်းရဲသောမိသားစုများသည် စိတ်ဖိစီးမှုဒဏ်၊ ကျန်းမာရေးဒဏ်များ ခံစားရပါသည်။ အခြားထိခိုက်လွယ်မှု အနည်းငယ်ရှိသည်။

Scanned by CamScanner

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်မျိုး ဆက်သစ် ပရဟိတအဖွဲ့	၁☑ ၂☐ ၃☐	၃၀	၄၀	၇၀	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	မြစိမ်းရောင်	၁☑ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ဘုန်းကြီး ကျောင်း ဂေါပကအဖွဲ့	၁☐ ၂☑ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	ကျောင်း အကျိုးတော် ဆောင် အဖွဲ့	၁☐ ၂☑ ၃☐				ပညာရေး ☑ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	ရပ်မိ ရပ်ဖ အဖွဲ့	၁☐ ၂☑ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	VDP	၁☐ ၂☑ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင်ရှိသော အဖွဲ့အစည်းများမှာ ရပ်ရွာအကျိုးအတွက်သာ ဆောင်ရွက်ပြီး အကောင်းဆုံးကြိုးစား ဆောင်ရွက်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ခမ္မစကူးလ် ဖောင်ဒေးရှင်း	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၂	ပရဟိတအဖွဲ့	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐

Scanned by CamScanner

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် ပြင်ပမှ ဆောင်ရွက်နေသော အဖွဲ့အစည်း အနည်းငယ်ရှိပြီး အသင့်အတင့် ဆောင်ရွက်နေပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅၃	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၄၈	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		၁၅၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် မြေယာမဲ့အများဆုံး ရှိပြီး ဆင်းရဲသား တောင်သူများလည်း ရှိပါသည်။

Scanned by CamScanner

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး:☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး:☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး:☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၅	အဝိစိတွင်း		တစ်နှစ်ပတ်လုံး:☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး:☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး:☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး:☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်မှ ရေသွင်းနိုင်သည့် ဧရိယာ မရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၃၁၂	တင်း	၃၀	၅၀	၄၀	နယုန်	ဝါခေါင်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
ပဲ	၉၈	တင်း	၂	၁၀	၅	နတ်တော်		မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐	မြင့်☐ လတ်☐

Scanned by CamScanner

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								နိမ့်□	နိမ့်□
		တင်း						မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် စပါးစိုက်ပျိုးပြီး အသင့်အတင့် ထွက်ရှိသည်ကို တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁၇	-	-	-
လက်တွန်းထွန်စက်	၁၅	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၄	-	-	-
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၂၄	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် ကျွဲ၊ နွားများကို အများဆုံး အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

Scanned by CamScanner

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဥပမာ- ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေး အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☑ ရသည် ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ သာနန်းတောကျေးရွာတွင် သီးနှံအထွက်တိုးရန် မြေဩဇာ လိုအပ်လျက်ရှိပါသည်။ မျိုးကောင်းမျိုးသန့်လည်း လိုအပ်လျက်ရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ:

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဥပမာ- ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေး အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑

Scanned by CamScanner

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
